သအင်း ဌတင်း အမှုဏင်း

# အပ္ပမာဒ ဓမ္မလက်ဆောင်



သောတာပတ္တိမဂ်ရှုဘွယ်ကျမ်းပြုဆရာတော်

## အရှင်စန္ဒိမာ (အောင်လံ)

တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ

စက်ရုံရပ်၊ အောင်လံမြို့။

# ယောဂီအပေါင်းတို့...

ယောဂီတို့ မိမိကိုယ်ကို ပြန်ဆန်းစစ် ကြည့်လိုက်စမ်းပါ။

၁။ ငါသည် သေခြင်းဆင်းရဲမှ လွတ်မြောက်မှု(သို့) ချမ်းသာမှုရပြီလော။

၂။ သေခါနီးမှာ မကောင်းတဲ့ကံနိမိတ်တွေ မပေါ်အောင်တားဆီးပိတ်ပင်နိုင်တဲ့ အထောက်အထား ခိုင်ခိုင်မာမာရှိပြီလားလို့ မိမိကိုယ်ကို ပြန်မေးပါ။

၃။ နောင်ဘဝမှာ အပါယ်လေးပါးသို့ မရောက်တော့ဘူးလို့ အာမခံချက်ရှိပြီလား။ သေတယ်ဆိုတာ သတ်တတ်တဲ့သဘောရှိလို့ သေတာပါဘဲ။ သတ်တတ်တဲ့ သဘောဆိုတာ အဝေးကြီးမှာ မဟုတ်ဘူး။ အလျားတလံ၊ အနံတစ်ထွာရှိတဲ့ သင့်ရဲ့ ရုပ်အစုအဝေးကြီးပါပဲ။ သင့်ကိုနေ့တိုင်း

အစားကျွေးခိုင်း၊ ပြုပြင်ပေးခိုင်း၊ အလှဆင်ပေးခိုင်း၊ အိပ်ပေးခိုင်း၊ ရေချိုးပေးခိုင်း၊ အညစ်အကြေးတွေ ပြန်စွန့်ပေးခိုင်းနေတဲ့ ရုပ်အစုအဝေးကြီးဟာ နေ့စဉ်နှင့်အမျှစက္ကန့် မိနစ်မခြား အမိန့်ပေးနေဘိသကဲ့သို့ ခိုင်းနေတာကို သင်မသိပဲ ငါလို့စွဲယူကာ အလိမ်ခံနေရတယ်။ ဒါတင်မက အိုခိုင်းနာခိုင်းပြီး အားရတဲ့အခါမှ ပုံစံအမျိုးမျိုး၊ ရောဂါအမျိုးမျိုး၊ အနာအမျိုးမျိုး ဖြစ်အောင် ရက်စက်သေးတယ်။ ပြည်တွင်းမှာသာမက ပြည်ပမှာ ဘယ်လောက်ပဲ ငွေနှင့် လိုက်ကုကု မိမိဘက်ကသာ ငွေကုန်အချိန်ကုန် အလုပ်ရှုပ် ပင်ပန်းတာပဲ အဖတ်တင်တယ်။ ဒီရုပ်ကြီးကတော့ ဆက်လက် ညှင်းဆဲနေတာပါဘဲ။ နောက်ဆုံးတော့ ပါရဂူတွေက မရတော့ပါဘူး။ မတတ်နိုင်တော့ပါဘူးလို့ လက်မြှောက်အရှုံးပေးလိုက်ရတာပါပဲ။ ဒီအချိန်ကျမှ

ဒီရုပ်ကြီးပေါ်မှာ အပ်ဖျားတစ်ထောက်စာမျှပင် သင့်ရဲ့ စိတ်သည် နားခိုစရာမရှိအောင် ရက်စက် သတ်ဖြတ်တော့တာပါဘဲ။ တစ်သက်လုံးကျွေးမွေး ပြုစုယုယကာ အဆီအဆိမ့်တွေကျွေးမွေးခဲ့သမျှ တန်ဘိုးကြီးတဲ့ ရတနာတွေ ပန်ဆင်ပေးခဲ့သမျှ နွေးထွေးအောင် ယုယခဲ့သမျှ သဲထဲရေသွန်သလို အလကားဖြစ်ခဲ့လေပြီဆိုပြီး နောင်တရမိကြတော့ တယ်။ အဲဒီအခါကျမှ ကယ်ကြပါ။ သနားကြပါ၊ စောင့်ရှောက်ကြပါလို့ ငြီးစူမှုတွေဟာ စက္ကန့်မခြား စိတ်တွေဖြစ်နေပြီး၊ ဆင်းရဲနေပြီး အဲဒီလို ဓါတ် လေးပါး၏ မသေသေအောင် သတ်ဖြတ်ရက် စက်မှု ပြင်းထန်စွာခံစားရတဲ့ အချိန်အတွက် သင် ဘယ်လို အားကိုးရပြီလဲ (သို့) ငါဘယ်လို ဆောက် တည်ရာရဖို့ ဘာအားကိုးရပြီလဲလို့ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်ပါ။

သူတစ်ပါးသေတာကို မြင်ဘူးကြပေမဲ့ သူတစ်ပါးသေခါနီးဆဲဆဲမှာ နောက်ဘဝအတွက် ခန္ဓာတည်ဖို့ မိမိပြုခဲ့တဲ့ ကံနိမိတ်တွေ ဘယ်လို ပေါ်လာတယ်ဆိုတာ သင်တို့ မသိကြဘူး၊ အဲဒီ ကံနိမိတ်တွေဟာ မိမိအလိုနဲ့ပေါ်တာမဟုတ်ဘူး၊ မိမိသံသရာအစဉ်အဆက်နဲ့ ယခုဘဝမှာ ပြုခဲ့တဲ့ အမှုတွေပါပဲ။ ဘဝအစဉ်အဆက်က ဘာတွေပြုခဲ့ တယ်ဆိုတာလဲ မသိဘူး။ ဒီဘဝမှာ ပြုခဲ့တာတွေ ကိုလည်း မိမိအကုန်မသိပေမဲ့ ဉပါဒါန် အစွဲစိတ် တွေက မှတ်ယူသိမ်းဆည်းထားတယ်။ မြတ်စွာ ဘုရားနှင့် ရဟန္တာများပင် ထိုကံတွေကို ခံစားရ သေးတယ်။ မြတ်စွာဘုရား ဝမ်းတော်လားခြင်း၊ အရှင်သာရိပုတ္တရာ သွေးအန်ခြင်း၊ ရှင်မောဂ္ဂလန် ခိုးသားငါးရာအရိုက်ခံရခြင်း၊ အရှင်မဟာကဿဖ တောင်သုံးလုံးကြား၌ ပရိနိဗ္ဗာန်ပြုရခြင်းတို့ဟာ

ကံကြွင်းများရဲ့သဘောဖြစ်တယ်။ အဲဒါကြောင့် ကောင်းကံ မကောင်းကံများက သင့်ရဲ့ စုတိစိတ်မှာ နိမိတ်အဖြစ်ပေါ်လာမှာ သေချာတယ်။ အဲဒီ ကံနိမိတ်တွေထဲက ကောင်းတဲ့ ကံနိမိတ်၊ မကောင်းတဲ့ ကံနိမိတ်တွေရှိတဲ့ အထဲမှာ မကောင်းတဲ့ ကံနိမိတ်တွေကို တားဆီးပိတ်ဆို့နိုင်ပြီလားလို့ မိမိကိုယ်ကို ခေါင်းအေးအေးထားပြီး ခဏခဏ မေးခွန်းထုတ်ပါ။

နောက်တစ်ချက်ကတော့ ဒီဘဝ ခန္ဓာချုပ်ပြီး နောက်ဘဝဆိုတာ ခန္ဓာတည်ရဦးမယ်။ အဲဒီ နောက်ဘဝဆိုတဲ့ အထဲမှာကြောက်စရာအကောင်းဆုံးဘဝကတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ ဘဝလေးမျိုးပါဘဲ။ ကုသိုလ်တစ်လှည့်၊ အကုသိုလ်တစ်လှည့်ဘဝကို အသူရကာယ်လို့ခေါ်တယ်။ ကုသိုလ်အဟုန်နဲ့ ကောင်းကျိုး

ချမ်းသာခံစားလိုက်၊ အကုသိုလ်အဟုန်ကြောင့် ဆင်းရဲခြင်းတစ်လှည့် ခံစားလိုက်နဲ့ သက်တမ်း ရှည်လွန်းလှတယ်။ သူ့ထက်ဆိုးတာက ကျန်တဲ့ ဘဝတွေပါဘဲ။ တိရစ္ဆာန်တွေဆိုတာ မောဟ အကုသိုလ် အဟုန်ကြောင့်ဖြစ်တာ အဲဒီတိရစ္ဆာန် တွေကို နေ့တိုင်းစားသောက်နေကြတယ်။ တစ်ချိန် က အဲဒီ တိရစ္ဆာန်တွေက သူများအသားစားထား တော့ အဲဒီ တိရစ္ဆာန်တွေဟာ တလှည့်ပြန်အစား ခံရတယ်။ မိမိလည်း သူတစ်ပါးအသားတွေကို အလိုရမ္မက်ကြီးစွာနဲ့ စားသောက်ထားတဲ့ ကြွေးတွေ ရှိနေတယ် ဆိုတာလည်း ပြန်သတိထားဦး၊ ပြိတ္တာ နဲ့ ငရဲကတော့ စက္ကန့်မခြား ဆင်းရဲရတယ်။ သက်တမ်းလည်း အလွန်ရှည်တယ်။ ကံပြုသမျှ အကုသိုလ် အဟုန်မကုန်မခြင်း ခံနေရတယ်။

တစ်စက္ကန့်မှာ မဖြစ်မနေ ခံရမည့် ဘဝ

ကုဋေလေးသောင်းကြေးတက်တယ်။ အဲဒီဘဝ အကြွေးတွေ မိမိပြုခဲ့သမျှ မိမိသာ ပြန်ခံရမှာ ဖြစ်တယ်။ သစ္စာလေးပါးကို မသိက မောဟ၊ တိရစ္ဆာန်ဘဝ ဆန့်ကျင်ဘက်ဖြစ်၍ ဒေါသဖြစ်က ငရဲ၊ လိုချင်မှု လောဘစိတ်ဖြစ်က ပြိတ္တာဘဝ၊ မာန်မာနဖြစ်က အသူရကာယ်ဆိုတဲ့ ဘဝတွေ စက္ကန့်ပိုင်းမှာ ကုဋေနှင့်ချီ၍ ဘဝအကြွေးတွေ တက်နေတယ်။

ယောဂီတို့ အဲဒီအပါယ်လေးပါး မကျရောက်နိုင်ဘူးလို့ ဘယ်အာမခံချက်တွေရှိနေပြီလဲ လို့ မိမိကိုယ်ကို ခေါင်းအေးအေးထားပြီး ခဏခဏ ပြန်ဆန်းစစ်ပြီး မေးခွန်းထုတ်ပါ။

# "ပုထုဇဉ်တို့၏ သဘာဝ"

ဘယ်ဘုရားဘယ်လောက်ပွင့်ပွင့် ခေါင်းထဲ မထားဘူး၊ ဘယ်လိုဘဲ ပါရမီတွေကိုဘယ်လောက် ဘဲ အသက်နှင့်ခန္ဓာတွေ စွန့်ပြီး ပါရမီဖြည့်ခဲ့ ဖြည့်ခဲ့ စိတ်မဝင်စားဘူး၊ ရှေးတုန်းက ဘယ်ဘုရင်ကြီး နန်းတော်စွန့်ပြီး သာသနာ့ဘောင်တက်၍ ရဟန္တာ ဖြစ်သွားလဲ စိတ်မဝင်စားဘူး။ ဘယ်သူဌေးကြီး ဘယ်လောက်ချမ်းသာပြီး စည်းစိမ်တွေကို စွန့်၍ တရားအားထုတ်သွားလဲ အားမကျဘူး၊ ဘယ် မိဖုရားကြီး ဘယ်လို ကာမဂုဏ်တွေ စွန့်ပြီး၊ ဘိက္ခုနီဝတ်ပြီး တရားအားထုတ်သွားတာလဲ အရေးမစိုက်ဘူး။ ဘယ်ဘုရင့်သမီးတွေ၊ ဘယ် သူဌေးသမီးတွေ ဘယ်လိုဘဲ ဘိက္ခုနီမ ဝတ်ပြီး ဘယ်လိုတရားအားထုတ်သွားလဲ ဂရုမစိုက်ဘူး။

ဘယ်စစ်သူကြီး ဘယ်လိုဘဲ ဂုဏ်ပါဝါတွေရှိရှိ သာသနာ့ဘောင်တက်၍ ရဟန်းဝတ်ပြီး တရားအားထုတ်သွားလည်းအလေး မထားဘူး။ ဘယ်ပညာရှိကြီး ဘယ်လိုမာန်ကျပြီး ရဟန်းဝတ်၍ ရဟန္တာဖြစ်သည့်ထိ တရားအား ထုတ်သွားလဲ ကိုယ်နဲ့မဆိုင်ဘူး၊ ဘယ်သံဃာတော်များ လူ့ကာမဂုဏ်တွေစွန့်၍ လခမရဘဲ သာသနာတော်ကြီး မပျောက်ကွယ်အောင် ဒို့အတွက် ကုသိုလ်တရားတိုးပွားအောင် ပိဋကတ်တွေကို ထိန်းသိမ်းမှုတွေ လုပ်နေပေမဲ့ အမှတ်မထားဘူး။ သူတော်ကောင်းများ မိမိတို့ရှာထားတဲ့ ငွေတွေကို မိမိမိသားစုအတွက် ဖြည့်ဆည်းခြင်းမှ ထုတ် နုတ်ပြီး သာသနာမှာ တရားကျင့်ဘို့ ဓမ္မာရုံတွေ၊ နေရေးထိုင်ရေး၊ စားရေးသောက်ရေးတွေ အဆင်ပြေစွာ တရားအားထုတ်နိုင်ရန် ငွေကုန်ကြေးကျ ခံ၍

ပြုစုစောင့်ရှောက်ထားပေးပြီး တရားကျင့်ကြပါလို့ ဖိတ်ခေါ်လည်း ဆန္ဒမရှိဘူး။

ထိုသူတို့ အာရုံရှိတာက တစ်ဘဝမှာ ကာမဂုဏ်တွေ စိတ်ကြိုက်ခံစားဖို့၊ သူများထက် ကြီးပွားဖို့၊ သူများထက် ဂုဏ်ရှိဖို့၊ သူများထက် လှဖို့၊ သူများထက် နာမည်ကြီးဖို့၊ သူများထက် ပညာကြီးဖို့၊ သူများထက် အခြံအရံများဖို့၊ မိမိ ချမ်းသာမှု၊ အန္တရာယ်ကင်းမှု၊ ဂုဏ်ပါဝါရှိမှုတွေ အတွက် အားကိုးအမျိုးမျိုးရှာမှု၊ မျက်နှာအောက် ကျခံလိုက ခံရပါစေ၊ လူပင်ပန်းရင် ပင်ပန်းပါစေ၊ အသက်နဲ့လဲရင်လဲရပါစေဆိုတဲ့ အာရုံတွေကိုဘဲ ရှေ့တန်းတင်အားထုတ်ကြတယ်၊ ဒါတွေပဲ စိတ်ဝင်စားတယ်၊ ဒါတွေပဲ တန်ဖိုးထားတယ်။

ပစ္စည်းရှိတော့ရှိရမည်၊ ပညာတတ်တော့ တတ်ရမည်၊ အခြံအရံတော့ ရှိရမည်။ ဂုဏ်တော့

ရှိရမည်။ ဒါဟာ တစ်ဘဝ၊ တစ်ခဏတာဘဲလို့ သိပြီးရှာရမည်။ လုပ်ရမည်။ ထိုအမှုတွေဟာ လောဘ၊ ဒေါသ၊ မောဟ၊ မာနတွေနဲ့ ရင်းထား ရတယ်လို့ အပြစ်ကို သိထားရမည်။ သုံးပြီး မစွဲရ ဘူးလို့ သိထားရမယ်။

## ‘မိမိတို့ကံထူးရှင်တွေလို့ သိရမယ်’

ယခုအချိန်ကို ဗုဒ္ဓခေတ်လို့ သိထားရမယ်။ (သို့) ဗုဒ္ဓ၏ကယ်တင်နိုင်သောနည်းကောင်းများ ရှိနေတဲ့အချိန်လို့ သိထားရမယ်။ ဒီလိုကယ်တင် နိုင်ဖို့ ဘုရားအလောင်းတော်ဟာ ခန္ဓာနှင့် အသက် ကို လှူဒါန်းပြီးရင်းခဲ့ရသည်မှာ ရေတွက်လို့ပင် မရနိုင်ပါဘူး။ မိုးပေါ်က ကြယ်တွေ ရေတွက်လို့ ရရင် ရနိုင်ဦးမယ်။ ငါဘုရားလှူခဲ့တဲ့ မျက်လုံးတွေ ရေတွက်လို့ မရနိုင်ပါဘူး။ ဒီလိုရင်းမှ ရခဲ့တဲ့

သာသနာမှာ လူလာဖြစ်တာ (သို့) မြတ်စွာဘုရား ပါရမီဖြည့်ခဲ့သမျှ ဘုရားပွင့်တဲ့အချိန်မှာ မိမိတို့ လူလာဖြစ်ပြီး ကြုံရတာ အခွင့်ထူးကြီးဆုံတာလို့ လည်း မမေ့သင့်ပါလားလို့ မိမိကိုယ်ကို ခဏခဏ သတိပေးရမယ်။

ဒီအခွင့်အရေးကြီးကို ကျော်ပေးပြီး ကျေးဇူး မဲ့နေမိခဲ့လျှင် မိမိလောက်မိုက်တဲ့ ပုဂ္ဂိုလ်မရှိပါလား ဆိုတာလည်း ခဏခဏသတိပေးနေရမယ်။

ကြုံလည်းကြုံခဲ့တဲ့၊ ဆုံလည်းဆုံခဲ့တဲ့ ဒီ အခွင့်အရေးမှာ ဘာလုပ်ရမည်လဲ?ပုဗ္ဗစကာတ ပုညတာဖြစ်အောင် (သို့) နောက်ဘဝတွေအတွက် ချမ်းသာအောင် သဒ္ဓါရှေ့ထားပြီး လှူဒါန်းမှု ပြုရ မယ်၊ သရဏဂုံနှင့် ငါးပါးသီလလုံအောင် ထိန်းရ မယ်။ ဘာဝနာတည်းဟူသော သမထဝိပဿနာ တရားများကို သေသေကျေကျေ အားထုတ်ရမယ်

ဆိုတာ မဖြစ်မနေ လုပ်ရမှာပါလားဆိုတာလည်း မိမိကိုယ်ကို တိုက်တွန်းရမယ်။ မိမိကိုယ်ကို အမြဲ တမ်းနှိုးဆော်နေရမယ်။

ယောဂီတို့ အသေတတ်ဖို့နဲ့ မကောင်းတဲ့ ကံနိမိတ်တွေ ပိတ်ဆို့နိုင်ဖို့ကိုတော့ ဘုန်းကြီးက (၉) ရက်နှင့် နည်းကောင်းပေးနိုင်တယ်။ အဲဒီ နည်းကို ခံယူဖို့နဲ့ ရတဲ့နည်းကို စွဲမြဲအောင်လုပ် ဖို့ကတော့ မိမိတို့ရဲ့ တာဝန်ပါဘဲ။

အသေတတ်တယ်ဆိုတာ မိမိရုပ်ကြီးရဲ့ ပြင်းထန်စွာ ဖောက်ပြန်နေတဲ့ ကာယိက ဒုက္ခ ဝေဒနာတွေ ဖြစ်နေပေမဲ့ စိတ်မဆင်းရဲအောင် ဝေဒနာခွာထားနိုင်တဲ့နည်းနဲ့ အရိုးစုစတဲ့ (၃၂) ကောဋ္ဌာသကမ္မဋ္ဌာန်းနိမိတ်ကိုလည်း ရက်ပေါင်း များစွာ ပွားစရာမလိုဘဲ အလွယ်တကူ မြင်နိုင် တဲ့ နည်းတွေ ခိုင်မာစွာ ရထားလို့ပါဘဲ။

တရားကျင့်လိုပါက တရားစခန်းရက်များကို စုံစမ်းပြီး အစာကြွေးတရားပေး (၉) ရက် အဓိဋ္ဌာန် ပွဲရက်များကို အောက်ပါ ဖုန်းနံပါတ်များဖြင့် မေးမြန်းဆက်သွယ်နိုင်ပါတယ်။

အသျှင်စန္ဒိမာ (အောင်လံ)
တိုက်ခွဲအမှတ် (၃၂)၊ သဲအင်းဂူ ဝိပဿနာ မေ့ရိပ်သာ၊
စက်ရုံရပ်၊ အောင်လံမြို့။ ဖုန်း – ၀၆၉ ၂၁၈၄၂

---

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးကြီးထိန်ဝင်း (ငြိမ်း) | ၀၁ ၂၄၀၁၉၄ |
| ၂။ | ဒေါ်ရီရီမြင့် | ၀၁ ၂၅၃၇၃၄ |
| ၃။ | ဗိုလ်မှူးကြည်စိုးဝင်း (ငြိမ်း) | ၀၉ ၂၁ ၃၀၁၄၅ |
| ၄။ | ဦးသန့်ဇင် | ၀၁ ၅၄၆၆၇၀ |
| ၅။ | ဦးဌေးအောင် | ၀၉ ၉၉ ၂၁၀၄၅ |
| ၆။ | ဦးအေးကို | ၀၁ ၅၈၂၉၈၂ |
| ၇။ | ဦးကျော်မြင့် (ကိုဟုတ်) | ၀၉ ၅၁ ၉၄၉၂၃ |

# တရားဝင်ယောဂီတို့ အဓိဋ္ဌာန်စည်းကမ်း

၁။ အဓိဋ္ဌာန် (၉) ရက်အပြည့်တရားချိန်အတိုင်း ဝင်နိုင်ရမည်။
မည်သည့်အကြောင်းပြချက်နှင့်မျှ တရားစခန်း အပြင်မထွက်ရ။

၂။ တရားကျင့်နိုင်သည့် ကျန်းမာရေးရှိရမည်။

၃။ အာစရိယသြဝါဒကို ဖြောင့်စွာ လိုက်နာရမည်။

၄။ နိုင်ငံရေးစကားပြောဆိုခြင်း၊ လောင်းကစားပြုလုပ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ နှစ်လုံးထီ၊ ချဲထီ၊ ဘောလုံးပွဲ၊ လောင်းကစားခြင်း လုံးဝ မပြုလုပ်ရ။

၅။ နိုင်ငံသားစိစစ်ရေးကဒ်ပါရှိရမည်။
နိုင်ငံသားစိစစ်ရေးကဒ်မပါရှိပါက တရားစခန်း ဝင်ခွင့်မပြုပါ။

၆။ အဖိုးတန်လက်ဝတ်ရတနာများ ဝတ်ဆင်၊ ယူဆောင်မလာရ။

သဲအင်း စွဲတင်း အမြဲလင်း

## ယောဂီ ...

သင်ယခုအချိန်အထိ ခင်ပွန်း/ဇနီး၊ သား/သမီးအတွက် ရှာနေရတာ တသက်တာ မောလှပြီ။ (၃၆၅) ရက်ထဲက မိမိအတွက် အပါယ်လွတ်ဖို့ (၉) ရက်လောက် ထုတ်နုတ်ပြီး တရားစခန်းဝင်ပြီး တရားအားမထုတ်နိုင်ဘူးလား။ တကျော့ခိုင်းတာချည်းလုပ်ငနေပြီး အရှင်ခိုင်းတာလေးကို မလုပ်နိုင်ဘူးလား...

အရှင်ဝန္ဒိမာ (ဘောင်လုံ)

### ဝမ်းသာခြင်းနှစ်မျိုး

သူတစ်ပါးကို လိမ္မာအောင်ဆုံးမနိုင်ခြင်းကို ဝမ်းသာခြင်းထက် မိမိကိုယ်ကို လိမ္မာအောင် ဆုံးမနိုင်ခြင်းက ပို၍ ဝမ်းသာဖို့ကောင်းတယ်

အရှင်ဝန္ဒိမာ (ဘောင်လုံ)

"ဓမ္မဒါနအလှူရှင်"